# ရာသီဥတုကြောင့်နှောင့်နှေးခြင်း အချိန်ဇယား
## မိသားစုများနှင့် ကျောင်းများအတွက် အချက်အလက်များ

DENVER PUBLIC SCHOOLS
Discover a World of Opportunity™

ဆောင်းရာသီလများတွင် ကျောင်းသားများ ဘေးအန္တရာယ် ပိုမိုကင်းရှင်းရေးအတွက် Denver အစိုးရကျောင်းများက သင့်ကို ယင်း၏ ၂၀၁၉-၂၀၂၀ ကျောင်းနှစ်အတွက် ရာသီဥတုကြောင့် နှောင့်နှေးခြင်း မူဝါဒကို သတိပေးလိုပါသည်။ **ယခုကျောင်းနှစ်အတွက် အသစ်ဖြစ်သည့်အလျောက် ခရိုင်မှ ရာသီဥတုကြောင့် နှောင့်နှေးခြင်းကို တောင်းဆိုပါက ကျောင်းအားလုံးသည် (စတင်သည့်အချိန်တွင်မူမတည်ဘဲ) နှစ်နာရီ နှောင့်နှေးပါမည်။**

ရာသီဥတုကြောင့်နှောင့်နှေးခြင်း အချိန်ဇယား၏ ရည်ရွယ်ချက်မှာ ကျောင်းကားများကို ကျောင်းသားများအား ခေါ်ယူရာတွင် အချိန်ပိုပေးရန်နှင့် ပြင်းထန်သော ရာသီဥတုတွင် ကျောင်းသားများ၏ စောင့်ချိန်ကို လျော့နည်းစေရန် ဖြစ်သည်။ ကျောင်းပိတ်ရန် (သို့) နှောင့်နှေးရန် ဆုံးဖြတ်ချက်ကို DPS ကြိုပို့ဝန်ဆောင်မှု ကိုယ်စားလှယ်များ၊ ကြိုပို့ဝန်ဆောင်မှု အေဂျင်စီများနှင့် မိုးလေသဌာနများမှ ပေးသော အချက်အလက်များကို အခြေခံ၍ ကျောင်းကြီးကြပ်ရေးမှူးက ဆုံးဖြတ်သည်။

## အကယ်၍ DPS သည်ရာသီဥတုကြောင့် နှောင့်နှေးခြင်းကို တောင်းဆိုလျှင် -

- နံနက်ကျောင်းကားများသည် ခေါ်ယူမှုများတွင် ပုံမှန်ခေါ်ယူနေကျ အချိန်ထက် နှစ်နာရီနောက်ကျသော အချိန်တွင် ခေါ်ယူလိမ့်မည်။ (ဥပမာ - အကယ်၍ သင်၏နံနက်ကျောင်းကား ခေါ်ယူချိန်သည် ၇း၅၅ ဖြစ်ပါက သင့်ကိုကျောင်းကားသည် နံနက် ၉း၅၅ တွင်ခေါ်ယူလိမ့်မည်)
- လမ်းလျှောက်၊ စက်ဘီးစီး၊ ကားစပ်တူစီး (သို့) RTD စီးသောကျောင်းသားများသည် အိမ်မှကျောင်းသို့ ပုံမှတ်အချိန်ထက် နှစ်နာရီနောက်ကျပြီးမှ ထွက်ခွါရန် တိုက်တွန်းသည်။ (ဥပမာ - အကယ်၍ ကျောင်းသားများသည် အိမ်မှ နံနက် ၇း၄၅ တွင်ကျောင်းသို့ ထွက်ခွါပါက သူ/သူမသည်ယခု ကျောင်းသို့ အချိန်မှန်ရောက်ရန် နံနက် ၉း၄၅ တွင် ထွက်ခွါရလိမ့်မည်)
- ECE နှင့် သူငယ်တန်း - နံနက်ပိုင်း (AM) သူငယ်တန်းကို ပယ်ဖျက်လိမ့်မည်။ မွန်းလွဲပိုင်း (PM) မူကြိုကျောင်းသားများသည် ကျောင်းသို့လာမည်ဖြစ်ပြီး သူတို့၏ ဘတ်စ်ကားသည် ပုံမှန်အချိန်ဇယား အတိုင်းဖြစ်သည်။
- ကျောင်းသားများ ကျောင်းသို့ရောက်လာသည့်အခါ နံနက်စာကျွေးမွေးမည် ဖြစ်သည်။

## အကယ်၍ DPS ကျောင်းများသည် ပြင်းထန်သောရာသီဥတုတွင် ဆက်ဖွင့်နေပါက -

- ကျောင်းသား၏ လုံခြုံမှုကို သေချာစေရန်အတွက် ခရိုင်မှ ရာသီဥတုကို တစ်နေ့လုံး စောင့်ကြည့်မည်။
- လိုအပ်သောကြိုပို့ဝန်ဆောင်မှုကို ပေးမည်။ သို့ရာတွင် ဘတ်စ်မောင်းသူနှင့် ကျောင်းသားများ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဝန်ဆောင်မှုများ၌ ပြင်ဆင်မှုရှိနိုင်သည်။
- လမ်းကြောအခြေအနေများအရ ကျောင်းသားများသည် ကျောင်း၊ အထူးလှုပ်ရှားမှုများ၊ အစီအစဉ်များသို့ သွားရာလမ်း (သို့) အိမ်တွင် အချိန်ပိုကြာနိုင်သည်။
- အကယ်၍ ရာသီဥတုပြင်းထန်မှုသည် ကျောင်းဖွင့်သောနေ့ အတွင်းဖြစ်ပေါ်ပါက ကျောင်းစောစောလွှတ်ရန် ဆုံးဖြတ်ချက် ချကောင်းချနိုင်သည်။
- ဘတ်စ်ကားလမ်းကြောင်းများသည် မွန်းလွဲပိုင်းသွားနေကျ အစဉ်အတိုင်း သွားလိမ့်မည်။ အခြေအနေများပေါ်တွင်မူတည်၍ အိမ်ရောက်သော အချိန်များသည် ကွာခြားမှုရှိနိုင်သည်။
- ကျောင်းချိန်ပြင်ပ လှုပ်ရှားမှုများ (ပြေးခုန်ပစ်ပွဲများ၊ အသိဉာဏ်ကြွယ်ဝစေရေး အစီအစဉ်များ စသဖြင့်) သည်ရာသီဥတု အခြေအနေများကြောင့် ပြင်ဆင်ခြင်း (သို့) ပယ်ဖျက်ခြင်းတို့ ဖြစ်နိုင်ပါသည်။

## အကယ်၍ DPS ကျောင်းများသည် ပြင်းထန်သောရာသီဥတုကြောင့် ပိတ်ပါက -

- ကြိုပို့ဝန်ဆောင်မှုသည် မည်သည့်ဘတ်စ်ကားကိုမျှ မသွားစေပါ။
- အလယ်တန်းနှင့် အထက်တန်းကျောင်း အားကစားအပါအဝင် ကျောင်းချိန်ပြီးနောက် လှုပ်ရှားမှုအားလုံးကို ပယ်ဖျက်ပြီး ထိုလှုပ်ရှားမှုများအတွက် ကြိုပို့ဝန်ဆောင်မှုကို မပေးပါ။
- ကျေးဇူးပြု၍ ကျောင်းမှပယ်ဖျက်သော အဖြစ်အပျက်တစ်ခုအတွက် သင့်ကျောင်းသားကို ဂရုစိုက်ပေးရန် လိုအပ်သော အစီအစဉ်များပြုလုပ်ပါ။

## သင်ဘယ်လိုသိမလဲ -

ဆိုးရွားသောရာသီဥတုဖြစ်ပေါ်လျှင် ခရိုင်အရာရှိများသည် နံနက် ၅ နာရီ၌ ဆုံးဖြတ်ချက်ချမည်။ အကယ်၍ ကျောင်းပိတ်ရန် (သို့) နှောင့်နှေးရန် ဆုံးဖြတ်ချက်ချပါက ဒေသခံ ရုပ်မြင်သံကြားနှင့် အသံလွှင့်ဌာနများကို ချက်ချင်းအကြောင်းကြားပြီး ကျောင်းပိတ်ခြင်း (သို့) နှောင့်နှေးခြင်းများအတွက် ကြေငြာချက်ကို ပုံမှန်ထုတ်လွှင့်မည်။ သင်သည် thedenverchannel.com, 9News.com, kdvr.com နှင့် denver.cbslocal.com တို့တွင်လည်း ဝင်ရောက်ကြည့်ရှု နိုင်ပါသည်။ စပိန်ဘာသာဖြင့် အသိပေးချက်ကို ရေဒီယိုသတင်းမှ ၁၁၅၀-AM၊ ၁၂၈၀-AM နှင့် ၁၀၉၀-AM တို့တွင်ကြေငြာပေးမည်။

**Robo Call** - ရာသီဥတုကြောင့်နှောင့်နှေးခြင်း (သို့) ကျောင်းပိတ်ခြင်း ဖြစ်သည့်အခါ မိသားစုများသည် နောက်ပြုလုပ်ရမည့် အဆင့်များအတွက် အကြောင်းကြားသည့် Robo Call အသိပေးချက်ကိုရရှိမည်။ မိသားစုများသည် သူတို့ကျောင်း၏ စီမံခန့်ခွဲမှုရုံးခန်းနှင့် Infinite Campus တွင် လက်ရှိပြင်ဆင်ထားသော ဆက်သွယ်ရန် အချက်အလက်ကို ထားရှိရန် အရေးကြီးပါသည်။
**Weather.dpsk12.org** - အရေးပေါ်ကျောင်းပိတ်ခြင်း (သို့) ရာသီဥတုကြောင့် နှောင့်နှေးခြင်းများကို ဤဆိုက်တွင်နှင့် transportation.dpsk12.org တို့တွင်တင်ထားပါမည်။
**လူမှုကွန်ရက်မီဒီယာ** - ကျောင်းပိတ်ခြင်း (သို့) နှောင့်နှေးခြင်း ကြေငြာချက်များကို Facebook.com/DenverPublicSchools, @DPSnewsnow နှင့် Twitter ၌ @DPSschoolbus တွင်လည်း တင်ထားပါမည်။
**အရေးပေါ်လိုင်း** - ကျောင်းပိတ်ခြင်း (သို့) နှောင့်နှေးခြင်းကို ကြေငြာသည့်သတင်းကို ကျောင်းခရိုင်၏ အရေးပေါ်လိုင်း ၇၂၀-၄၂၃-၃၂၀၀ နှင့် DPS ကြိုပို့ဝန်ဆောင်မှု အရေးပေါ်လိုင်း ၇၂၀-၄၂၃-၄၆၀၀ တို့တွင်လည်း ထားရှိပါမည်။